## ဓမ္မခန္ဓာ (၃၈) ဖြောင့်မတ်မှန်ကန်သော အရှင် (ဆွာဒ်)

ဥဇဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၃၈။ သုတ်ဒေသနာ– ၈၈ ပါး။

ဦးဖြေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။ | **ص وَالْقُرْآنِ ذِي الذِّكْرِ** ۞<br>**ဆွာဒ်**– သတိပေးတရားတော် ဖြစ်သော ကျမ်းမြတ်ကုရ်အံအားဖြင့်။[၉၉၀] |
| ၂။ | **بَلِ الَّذِينَ كَفَرُوا فِي عِزَّةٍ وَشِقَاقٍ** ۞<br>အမှန်မှာ ဖုံးကွယ်သော သူတို့သည် ဂိုဏ်းကွဲ ဂုဏ်သိက္ခာမက်မှု၌ ရှိကြ၏။ |
| ၃။ | **كَمْ أَهْلَكْنَا مِن قَبْلِهِم مِّن قَرْنٍ فَنَادَوْا وَلَاتَ حِينَ مَنَاصٍ** ۞<br>သူတို့မတိုင်မီ မျိုးဆက် မည်မျှကို ငါအရှင် တိမ်ကောစေခဲ့သနည်း၊ သူတို့အား ကူညီရန် အချိန်လွန်သော အခါတွင်မှ ဆုတောင်းပန်ထွာကြကုန်၏။ |
| ၄။ | **وَعَجِبُوا أَن جَاءَهُم مُّنذِرٌ مِّنْهُمْ وَقَالَ الْكَافِرُونَ هَذَا سَاحِرٌ كَذَّابٌ** ۞<br>သူတို့ထံသို့ သူတို့အနက်မှပင် သတိပေးသူ ရောက်လာသောအခါ၊ အံ့သြနေကြ၏၊ ဖုံးကွယ်သူတို့က ပြောသည်မှာ "ဤသူသည် လိမ်လည်ငြင်းဆန်သော မှော်ဆရာ ဖြစ်၏။– |
| ၅။ | **أَجَعَلَ الْآلِهَةَ إِلَهًا وَاحِدًا إِنَّ هَذَا لَشَيْءٌ عُجَابٌ** ۞<br>သူသည် ကျွန်ုပ်တို့၏ ဘုရားများအစား ဘုရားတစ်ဆူဝါဒကို စီမံသလော။ ဤသည်မှ အံ့သြစရာပင်တည်း၊"ဟု ဖြစ်၏။ |
| ၆။ | **وَانطَلَقَ الْمَلَأُ مِنْهُمْ أَنِ امْشُوا وَاصْبِرُوا عَلَى آلِهَتِكُمْ إِنَّ هَذَا لَشَيْءٌ يُرَادُ** ۞<br>သူတို့မှ အကြံပေးများက ထွက်ခွာ၍[၉၉၁] "သွားကြ၊ သင်တို့၏ ဘုရားများအပေါ် ဖွဲ့နပဲဖြင့်ရပ်တည်ကြ၊" "ကေန်ပင် ဤသည်မှာ ဆန္ဒထားခံနေရသော အရာ ဖြစ်၏၊"[၉၉၂] |
| ၇။ | **مَا سَمِعْنَا بِهَذَا فِي الْمِلَّةِ الْآخِرَةِ إِنْ هَذَا إِلَّا اخْتِلَاقٌ** ۞<br>ဤအရာမျိုးကို အခြားသော ပဋိပါတ်များတွင် မကြားဘူးခဲ့ချေ။ ဤသည်မှာ မုသာဝါဒမှအပ အခြားမဟုတ်ပြီ။ |
| ၈။ | **أَأُنزِلَ عَلَيْهِ الذِّكْرُ مِن بَيْنِنَا بَلْ هُمْ فِي شَكٍّ مِّن ذِكْرِي بَل لَّمَّا يَذُوقُوا عَذَابِ** ۞ |

(၉၉၀) **ص ဆွာဒ်**– သည် **ဆွာဒီးက်**၊ ဖြောင့်မတ်မှန်ကန်သော အရှင် ဆိုသည်သော စကားလုံး၏ အတိုကောက် ဖြစ်ပေသည်။

(၉၉၁) **انطلق အန်တွလက** ဆိုသည်မှာ ခရီးထွက်ခွာ၍၊ လှည့်လည်ပြောဆိုသည် ဟူသော အဓိပ္ပါယ်ကို ဆောင်သောကြောင့် ဆရာတော်ကြီးများက ထိုစကားလုံးကို **ပြောဆိုသည်**ဟု ဘာသာပြန်ကြပေသည်။

(၉၉၂) **ဤသည်မှာ ဆန္ဒထားခံနေရသော အရာ ဖြစ်၏။** ဆိုသည်မှာ ထိုဘုရားအများ ကိုးကွယ်သော ဝါဒအား နိဂြိုဟ်သွားစေရန် ကိုယ်တော် မုဟမ္မဒ်၏ ရည်ရွယ်ဆန္ဒဖြစ်ပေါ်ခြင်း ခံနေရသော အရာများ ဖြစ်သည်ဟု ဆိုလိုပေသည်။

| | |
|---|---|
| | ကျွန်ုပ်တို့၏ အကြားမှ သူ့ကိုသာ သတိပေးတရားတော် ကိန်းဝပ်ချမှတ်ပေးသလော။ အမှန်မှာ သူတို့သည် ငါ၏ သတိပေးတရားတော်၌ သို့လောသို့လော ဖြစ်လျှက်ရှိ၏။ အမှန်မှာ ငါ၏ ဝဋ်ကြွေးဒဏ်အား သူတို့ မမြည်းရသေးချေ။ |
| ၉။ | أَمْ عِندَهُمْ خَزَائِنُ رَحْمَةِ رَبِّكَ الْعَزِيزِ الْوَهَّابِ۝<br>သူတို့ထံ၌ ကံကြမ္မာရှင်၏ ကရုဏာတော်၊ ဘုန်းတန်ခိုးတော်နှင့် ပေးကမ်းရက်ရောခြင်း ဟူသည့် ဘဏ္ဍာများ ရှိကြသလော။ |
| ၁၀။ | أَمْ لَهُم مُّلْكُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا فَلْيَرْتَقُوا فِي الْأَسْبَابِ۝<br>သို့မဟုတ် သူတို့သည် မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြား ရှိသမျှတို့ကို အစိုးရသလော။ သို့ဖြစ်လျှင် ရှိသမျှနည်းလမ်းဖြင့် ပိုမိုမြင့်တက်စေကြလော့။ |
| ၁၁။ | جُندٌ مَّا هُنَالِكَ مَهْزُومٌ مِّنَ الْأَحْزَابِ۝<br>မဟာမိတ်တပ်မှ စစ်သည်တို့သည် ဤနေရာ၌ ရှုံးနိမ့်ထွက်ပြေးရလတ္တံ့။ |
| ၁၂။ | كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَعَادٌ وَفِرْعَوْنُ ذُو الْأَوْتَادِ۝<br>သူတို့မတိုင်မီ နူးဟ်၊ အာ့ဒ်နှင့် အဘက်ဘက်မှ ခိုင်မြဲသော[၈၉၃] ဖာရိုး၏ လူမျိုးတို့သည် ငြင်းဆန်ခဲ့ကြပြီ။ |
| ၁၃။<br>☆မိဒီယံ | وَثَمُودُ وَقَوْمُ لُوطٍ وَأَصْحَابُ الْأَيْكَةِ أُولَٰئِكَ الْأَحْزَابُ۝<br>သမူ–တ်၊ လု–တ်၏ လူမျိုး၊ တောတွင်းနေသူများလည်းပါ၏။☆ သူတို့သည် အတိုက်အခံတပ်တို့ ဖြစ်ကြ၏။ |
| ၁၄။ | إِن كُلٌّ إِلَّا كَذَّبَ الرُّسُلَ فَحَقَّ عِقَابِ۝<br>သူတို့ကိုယ်စီ ဥာဏ်စဉ်ဆောင်များအား မငြင်းသူမရှိ၊ သို့ဖြစ်၍ ငါ၏ တန်ပြန်စေခြင်းကို အမှန်ပင် ဖြစ်စေ၏။ |
| ၁၅။ | وَمَا يَنظُرُ هَٰؤُلَاءِ إِلَّا صَيْحَةً وَاحِدَةً مَّا لَهَا مِن فَوَاقٍ۝<br>သူတို့သည် အသံလှိုင်းကြီးတစ်ခုမှအပ အခြားကို စောင့်စားနေကြသည် မဟုတ်ချေ၊ ၎င်းသည် အသံဆက် မပြတ်ချေ။ |
| ၁၆။ | وَقَالُوا رَبَّنَا عَجِّل لَّنَا قِطَّنَا قَبْلَ يَوْمِ الْحِسَابِ۝<br>သူတို့က "အို ကံကြမ္မာရှင် တပည့်တော်တို့၏ ခွဲတမ်းကို စာရင်းရှင်းမည့် နေ့ကာလမတိုင်မီ အလျှင်စလို ဖြစ်စေပါ၊"ဟု ဆိုကြ၏။ |
| ၁၇။ | اصْبِرْ عَلَىٰ مَا يَقُولُونَ وَاذْكُرْ عَبْدَنَا دَاوُودَ ذَا الْأَيْدِ إِنَّهُ أَوَّابٌ۝<br>သူတို့၏ ပြောစကားများပေါ်၌ သည်းခံနေလော့။ သြဇာကြီးသော ငါ၏ အမှုတော်ဆောင် ဒါဝူးဒ် အား သတိမူလော့၊ သူသည် ကျိုးနွံနာခံသူ စင်စစ်ဖြစ်၏။ |
| ၁၈။<br>☆<br>၃၄း၁၀ | إِنَّا سَخَّرْنَا الْجِبَالَ مَعَهُ يُسَبِّحْنَ بِالْعَشِيِّ وَالْإِشْرَاقِ۝<br>ငါသည် တောင်များကို အသုံးခံ ဖြစ်စေ၏။ သူနှင့်အတူ ညဦး နံနက်များတွင် အရှင့်အား ဦးထိပ်ထားစေ၏။☆ |
| ၁၉။ | وَالطَّيْرَ مَحْشُورَةً كُلٌّ لَّهُ أَوَّابٌ۝<br>ငှက်အပေါင်း စုရုံးလာကြ၍၊ ၎င်းတို့ကိုယ်စီ သူ့အား ကျိုးနွံနာခံကြ၏။ |

(၈၉၃) **أَوْتَاد အောင်းဝ်တာ့ဒ်** ဆိုသည်မှာ မြေထဲတွင် စူးနစ်ခိုင်မာစွာ ရိုက်ထားသည့် ပနက်ဟု အနက်ကို ပေးသည့် **ဝတာ့ဒ်**၏ အများပြဖြစ်သည်။ ထို့ကြောင့်ဤနေရာတွင် **အဘက်ဘက်မှ ခိုင်မြဲသော** ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ဖာရိုး၏ သြဇာအာဏာသည် စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး အဘက်ဘက်မှ မျိုးရိုးစဉ်ဆက်လိုက် အမြစ်တွယ် ခိုင်မာမှု ရှိခဲ့သည်ဟု ဆိုလိုပေသည်။

| | |
|---|---|
| ၂၀။ | وَشَدَدْنَا مُلْكَهُ وَآتَيْنَاهُ الْحِكْمَةَ وَفَصْلَ الْخِطَابِ۞<br>ငါသည် သူ၏ အာဏာကို အင်အားတိုးပေး၏။ သူ့အား ဓမ္မသတ်ပညာနှင့် ယုတ္တိရှိသော ဆုံးဖြတ်ချက်ကို ပေးအပ်၏။ |
| ၂၁။ | وَهَلْ أَتَاكَ نَبَأُ الْخَصْمِ إِذْ تَسَوَّرُوا الْمِحْرَابَ۞<br>သူ၏ စခန်းထဲသို့ တိတ်တဆိတ်ဝင်လာသော အမှုပြိုင်နှစ်ဦး၏ သတင်းကို သင့်ထံသို့ ရောက်စေပြီလော။ |
| ၂၂။ | إِذْ دَخَلُوا عَلَى دَاوُودَ فَفَزِعَ مِنْهُمْ قَالُوا لَا تَخَفْ خَصْمَانِ بَغَى بَعْضُنَا عَلَى بَعْضٍ فَاحْكُم بَيْنَنَا بِالْحَقِّ وَلَا تُشْطِطْ وَاهْدِنَا إِلَى سَوَاءِ الصِّرَاطِ۞<br>ဒါဝူးဒ်ထံသို့ ဝင်လာသောအခါ၊ သူသည် ဖြတ်ကနဲလန့်သွား၏။ သူတို့မှ ပြောသည်မှာ “မစိုးထိတ်ပါနှင့်၊ ကျွန်ုပ်တို့သည် အချင်းချင်း မတရားပြုမိသော အမှုပြိုင်များ ဖြစ်ပါ၏။ သို့ဖြင့် ကျွန်ုပ်တို့ကြား၌ အမှန်ကို ဆုံးဖြတ်ပေးပါ၊ မတရားမဖြစ်စေပါနှင့်၊ ရှင်းလင်း ပေါ်လွင်သော လမ်းစဉ်ကို ညွှန်ကြားပေးပါ၊– |
| ၂၃။<br><br>သိုးကို | إِنَّ هَذَا أَخِي لَهُ تِسْعٌ وَتِسْعُونَ نَعْجَةً وَلِيَ نَعْجَةٌ وَاحِدَةٌ فَقَالَ أَكْفِلْنِيهَا وَعَزَّنِي فِي الْخِطَابِ۞<br>သူသည် ကျွန်ုပ်၏ ဘာစ်ကို ဖြစ်၍၊ သူ့တွင် သိုး ကိုးဆယ့်ကိုးကောင်ရှိလျှက်၊ ကျွန်ုပ်တွင် တစ်ကောင်သာ ရှိပါ၏။ ထို့နောက် သူက “**၎င်း**ကို ကျွန်ုပ်အား လွှဲပေး၊”ဟု ဆိုပါ၏။ စကားပြောရာတွင် တန်ခိုးအာဏာကို သုံးပါ၏၊”ဟု ဖြစ်၏။ |
| ၂၄။<br><br>ဒါဝူးဒ်က | قَالَ لَقَدْ ظَلَمَكَ بِسُؤَالِ نَعْجَتِكَ إِلَى نِعَاجِهِ وَإِنَّ كَثِيرًا مِّنْ الْخُلَطَاءِ لَيَبْغِي بَعْضُهُمْ عَلَى بَعْضٍ إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَقَلِيلٌ مَّا هُمْ وَظَنَّ دَاوُودُ أَنَّمَا فَتَنَّاهُ فَاسْتَغْفَرَ رَبَّهُ وَخَرَّ رَاكِعًا وَأَنَابَ۞<br>**သူ**က “သူသည် သင်၏ သိုးအား သူ့သိုးဖြစ်ရန် တောင်းဆိုခြင်းဖြင့် မိုက်မှား၏။ အနည်းစု ဖြစ်သော ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံသည့် သူတို့မှ အပ၊ ကေန်ပင် များစွာသော အစုစပ် လုပ်သူတို့သည် အချင်းချင်း အမှားပြုကြ၏၊”ဟု ဆို၏။ ဒါဝူးဒ်သည် ငါအရှင်၏ စုံစမ်းခြင်းသာ ဖြစ်သည်ဟု ထင်မြင်လာ၍၊ သူ့ကံကြမ္မာရှင်၌ ရိုကျိုးဦးညွှတ်ခဝါချလျှက် လွတ်ငြိမ်းခွင့်ကို ပန်ထွာ၏။[၈၉၄] |
| ၂၅။ | فَغَفَرْنَا لَهُ ذَلِكَ وَإِنَّ لَهُ عِندَنَا لَزُلْفَى وَحُسْنَ مَآبٍ۞<br>ငါသည် ဤ၌ သူ့အား လွတ်ငြိမ်းစေတော်မူ၏။ ကေန်ပင် သူ့အတွက် ငါထံ၌ အနီးဆုံးနှင့်၊ ကောင်းမွန်သော နားခိုရာတို့ ရှိ၏။ |
| ၂၆။ | يَا دَاوُودُ إِنَّا جَعَلْنَاكَ خَلِيفَةً فِي الْأَرْضِ فَاحْكُم بَيْنَ النَّاسِ بِالْحَقِّ وَلَا تَتَّبِعِ الْهَوَى فَيُضِلَّكَ عَن سَبِيلِ اللَّهِ إِنَّ الَّذِينَ يَضِلُّونَ عَن سَبِيلِ اللَّهِ لَهُمْ عَذَابٌ شَدِيدٌ بِمَا نَسُوا يَوْمَ الْحِسَابِ۞<br>အို– ဒါဝူးဒ် ငါသည် သင့်အား မြေကမ္ဘာ၌ သမ္မတမင်းအဖြစ် ခန့်အပ်ပြီ။ သို့ဖြစ်၍ လူသားတို့ကြား၌ မှန်ကန်စွာ ဓမ္မသတ် ပေးလော့၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ လွဲချော်စေမည့် သင်၏ ရာဂအစွဲနောက်သို့ မလိုက်လင့်၊ ကေန်ပင် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ လွဲချော်စေသော သူ၊ ထိုသူတို့အတွက် စာရင်းရှင်းရမည့် နေ့ကာလ၌၊ သူတို့၏ ဆိုးပြစ်များကြောင့် ပြတ်သားသော ဝဋ်ကြွေးသည် ရှိနေ၏။ |

(၈၉၄) ဒါဝူးဒ်က လွတ်ငြိမ်းခွင့်ကို ပန်ထွာသည် ဆိုခြင်းမှာ **အနည်းစု ဖြစ်သော ယုံကြည်၍ ပြုပြင် ပြောင်းလဲခြင်းကို ကျင့်ကြံသည့် သူတို့မှ အပ၊ ကေန်ပင် များစွာသော အစုစပ် လုပ်သူတို့သည် အချင်းချင်း အမှားပြုကြ၏။** ဟူသော ဆုံးမ စကားကို ပြောလိုက်မိ၍၊ မှားသွားခြင်းကြောင့် အပြစ်ကင်းရန် ဆုပန်သည်ဟု အဖြေ မထုတ်သင့်ပေ။ မည်သည့် အဖြစ်အပျက်၌မဆို သတိသံဝေဂ ယူတတ်လျှင်၊ သတိသံဝေဂယူစရာများ ရှိနေသည်ဖြစ်၍၊ ထိုမတရား အနိုင်ကျင့်သူနှင့် အနိုင်ကျင့်ခံရသူတို့၏ အဖြစ်အပျက်မှ သတိသံဝေဂကို ယူကာ မိမိအနေဖြင့် ဆိုလျှင် မမှားမိရန် စိတ်နှလုံးကို ထားမည်ဟု သံဝေဂယူလျှက် ဆုတောင်းပန်ထွာခြင်းသာ ဖြစ်ပေသည်။ ဆုံးဖြတ်ချက်တိုင်းအတွက်လည်း မမှားမရှိနိုင်စေရန် ဆင်ခြင်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၂၇။ | وَمَا خَلَقْنَا السَّمَاء وَالْأَرْضَ وَمَا بَيْنَهُمَا بَاطِلًا ذَلِكَ ظَنُّ الَّذِينَ كَفَرُوا فَوَيْلٌ لِّلَّذِينَ كَفَرُوا مِنَ النَّارِ ۝<br>ငါသည် ဖုံးကွယ်မှောင်ချသော သူတို့ ထင်မြင်သကဲ့သို့ မိုးများနှင့် မြေကမ္ဘာ၊ ထိုနှစ်ခုစပ်ကြား ရှိသမျှအား အချီးနှီး ဖြစ်တည်စေခြင်း မဟုတ်ချေ။ သို့ကြောင့်သာ ဖုံးကွယ်သော သူတို့သည် အပူမီး၌ ပျက်စီးသွားရကုန်၏။ |
| ၂၈။<br>☆၈၂း၁၄ | أَمْ نَجْعَلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ كَالْمُفْسِدِينَ فِي الْأَرْضِ أَمْ نَجْعَلُ الْمُتَّقِينَ كَالْفُجَّارِ ۝<br>ငါသည် ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသူအား မြေကမ္ဘာ၌ အဖျက်အမှောင့်ပြုသူ ကဲ့သို့ စီမံလေမည်လော။ သို့မဟုတ် စည်းစောင့်သူအား ဖေါက်ထွက်သူ☆ ကဲ့သို့ စီမံလေမည်လော။ |
| ၂၉။ | كِتَابٌ أَنزَلْنَاهُ إِلَيْكَ مُبَارَكٌ لِّيَدَّبَّرُوا آيَاتِهِ وَلِيَتَذَكَّرَ أُوْلُوا الْأَلْبَابِ ۝<br>သင့်အပေါ်၌ ကိန်းဝပ်ချမှတ်ပေးသော ကျမ်းတော်သည် ကျက်သရေအပေါင်းပြည့်စုံ၏။ ထိုမှ သုတ်ဒေသနာများကို အနုလုံပဋိလုံ ဆင်ခြင်စေဘို့ရာ၊ ပညာရှင်တို့ ဆင်ခြင်သတိရှိစေဘို့ရာ ဖြစ်၏။ |
| ၃၀။ | وَوَهَبْنَا لِدَاوُودَ سُلَيْمَانَ نِعْمَ الْعَبْدُ إِنَّهُ أَوَّابٌ ۝<br>ငါသည် ဒါဝူးဒ်ကို ဂုဏ်တော်ရ အမှုတော်ဆောင် စိုလိုင်မံအား ချီးမြှင့်၏။ ကေန်ပင် သူသည် ခဝါချတတ်သူ ဖြစ်၏။ |
| ၃၁။ | إِذْ عُرِضَ عَلَيْهِ بِالْعَشِيِّ الصَّافِنَاتُ الْجِيَادُ ۝<br>တစ်ခုသော ညဦးပိုင်း၌ လေ့ကျင့်ထားသော စစ်မြင်းများကို သူ့အတွက် အသင့်ပြင်ထားသောခါ။ |
| ၃၂။ | فَقَالَ إِنِّي أَحْبَبْتُ حُبَّ الْخَيْرِ عَن ذِكْرِ رَبِّي حَتَّى تَوَارَتْ بِالْحِجَابِ ۝<br>သူက ပြောသည်မှာ“ငင်းတို့အား စည်းခြားနောက်ကွယ်သို့ ပို့သည်တိုင်၊ ကံကြမ္မာရှင်၏ သတိဖေါ်ပေးမှုဖြင့် ကောင်းသော အရာဝတ္ထုများကို ကျွန်ုပ် နှစ်သက်၏၊– |
| ၃၃။ | رُدُّوهَا عَلَيَّ فَطَفِقَ مَسْحًا بِالسُّوقِ وَالْأَعْنَاقِ ۝<br>ငင်းတို့ကို ကျွန်ုပ်ထံသို့ ပြန်ယူခဲ့လော့၊”ဟု ဖြစ်၏။ သို့ဖြင့် သူသည် ငင်းတို့၏ ခြေများ လည်တိုင်များကို ပွတ်သပ်ပေး၏။[၈၉၅] |
| ၃၄။ | وَلَقَدْ فَتَنَّا سُلَيْمَانَ وَأَلْقَيْنَا عَلَى كُرْسِيِّهِ جَسَدًا ثُمَّ أَنَابَ ۝<br>မုချပင် ငါသည် စိုလိုင်မံကို စုံစမ်းခဲ့၏။ ငါသည် သူ့၏ ပလ္လင်ပေါ်၌ ရုပ်ကလပ်တစ်ခုကို ခင်းကျင်းထား၏။ ထို့နောက် သူသည် ခဝါချလျှက်။[၈၉၆] |
| ၃၅။ | قَالَ رَبِّ اغْفِرْ لِي وَهَبْ لِي مُلْكًا لَّا يَنبَغِي لِأَحَدٍ مِّنْ بَعْدِي إِنَّكَ أَنتَ الْوَهَّابُ ۝<br>“အို ကံကြမ္မာရှင်၊ တပည့်တော်အား လွတ်ငြိမ်းစေတော်မူပါ၊ တပည့်တော်၏နောက် မည်သူ တစ်ဦးမှ အံဝင်ဂွင်ကျ မဖြစ်နိုင်သည့် အာဏာအား ပေးတော်မူပါ၊ အရှင်သည် ရက်ရောပေးကမ်းသော အရှင်ဖြစ်ပါ၏၊”ဟု ဆုတောင်း၏။ |

(၈၉၅) မြောက်များစွာသော ဘာသာပြန်များက **သူသည် မြင်းများ၏ ခြေထောက်များ၊ လည်ဂုတ်များကို ခုတ်ပိုင်းဖြတ်လိုက်သည်၊** ဟု ပြန်ဆို ကြပေသည်။ မိမိအနေဖြင့် ဘုရားရှင်ထက် လွန်၍ ထိုမြင်းများကို နှစ်သက်သွားမိသည့်အတွက် ထိုမြင်းများကို ခုတ်သတ်လိုက်သည် ဟူလို။ လွန်စွာနားလည်ရခက်သော ဘာသာပြန်မှုများပင် ဖြစ်၏။ မိမိ၏ အပြစ်အတွက် အပြစ်မရှိသော သတ္တဝါတို့အား ဥာဏ်စဉ်တော်ဆောင် တစ်ပါးအနေဖြင့် ဤသို့ အဘယ်ကြောင့် ခုတ်ထစ်သတ်ဖြတ်လိုက်သနည်း။––– အမှန်မှာ **مَسْحًا မဆ်ဟန်** ဆိုသော စကားလုံးသည် ပွတ်သပ်သည်၊ သူ့လက်ဖြင့် ထိုအပေါ်မှ ရုပ်တိုက်သည်ဟု ဖြစ်ပေသည်။ ခုတ်သတ်သည်ဟူသော အဓိပ္ပါယ်ကို မပေးပေ။

(၈၉၆) **ရုပ်ကလပ်** ဆိုသည်မှာ **အသုံးမဝင်သော သူ**ကို ဆိုလိုပေသည်။ တနည်းအားဖြင့် စိုလိုင်မံ၏ အရိုက်အရာအား ဆက်ခံမည့်သူများမှာ စိုလိုင်မံကဲ့သို့ အစွမ်းထက်သူများ မဟုတ်ချေ။– ထို့ကြောင့် ၃၄း၁၄ တွင် စိုလိုင်မံ ကွယ်လွန်ပြီးသော အခါ၊ စိုင်လိုင်မံ၏ သြဇာအာဏာ လုံတောင်ဝှေးမှာ ချစား သွားရသည်ဟု ဖေါ်ပြထားပေသည်။ ထိုအချင်းအရာကို စိုလိုင်မံသည် ကြိုတင်၍ သိနေခဲ့ပေသည်၊ (သုတ်တော် ၃၅)။

| | |
|---|---|
| ၃၆။ | فَسَخَّرْنَا لَهُ الرِّيحَ تَجْرِي بِأَمْرِهِ رُخَاء حَيْثُ أَصَابَ ۞<br>ငါသည် သူ့အတွက် အသုံးခံ ဖြစ်စေသည်မှာ အရှင့် စီမံချက်ဖြင့် သူ့ဆန္ဒရှိရာသို့ တအိအိ အတိုက်ခိုက်စေသော လေ– |
| ၃၇။<br>☆၂း၁၄ | وَالشَّيَاطِينَ كُلَّ بَنَّاء وَغَوَّاصٍ ۞<br>မကောင်းဆိုးဝါးများ၊☆ ဆောက်လုပ်ရေးသမားများ၊ ရေငုပ်သမားများ ကိုယ်စီ ဖြစ်၍၊ |
| ၃၈။<br>☆၃၄း၁၂ | وَآخَرِينَ مُقَرَّنِينَ فِي الْأَصْفَادِ ۞<br>အခြားသော၊ ခြေကျင်းဖြင့် ခတ်ထားသူများ ဖြစ်၏။☆ |
| ၃၉။ | هَذَا عَطَاؤُنَا فَامْنُنْ أَوْ أَمْسِكْ بِغَيْرِ حِسَابٍ ۞<br>ဤသည် သင့်အတွက် လက်ဆောင်များ ဖြစ်၏၊ သို့ဖြစ်၍ လွှတ်လပ်ခွင့်ပေးလော့၊ သို့မဟုတ် အတိုင်းအဆ မရှိ ဆက်ထိန်းထားလော့။[၉၉၇] |
| ၄၀။ | وَإِنَّ لَهُ عِندَنَا لَزُلْفَى وَحُسْنَ مَآبٍ ۞<br>ကေန်ပင် သူ့အတွက် ငါထံ၌ အနီးဆုံးနှင့်၊ ကောင်းမွန်သော နားခိုရာတို့ ရှိ၏။ |
| ၄၁။ | وَاذْكُرْ عَبْدَنَا أَيُّوبَ إِذْ نَادَى رَبَّهُ أَنِّي مَسَّنِيَ الشَّيْطَانُ بِنُصْبٍ وَعَذَابٍ ۞<br>ငါ့ အမှုတော်ဆောင် အိုင်ယုဘ်၏ အကြောင်းကို သတိရလော့။ သူသည် ကံကြမ္မာရှင်၏ ထံ၌ "မကောင်းဆိုးဝါးသည် တပည့်တော်အား ဘေးဥပါဒ် ဝဋ်ကြွေးများဖြင့် ထိသက်စေပါပြီ၊"ဟု ဆုတောင်းသော်၊[၉၉၈] |
| ၄၂။ | ارْكُضْ بِرِجْلِكَ هَذَا مُغْتَسَلٌ بَارِدٌ وَشَرَابٌ ۞<br>သင့်ခြေဖြင့် ဆောင့်လော့။[၉၉၉] ဤ၌ ဆေးကြောရန်နှင့် သောက်သုံးရန် ရေအေး ရှိ၏။ |
| ၄၃။ | وَوَهَبْنَا لَهُ أَهْلَهُ وَمِثْلَهُم مَّعَهُمْ رَحْمَةً مِّنَّا وَذِكْرَى لِأُوْلِي الْأَلْبَابِ ۞<br>ငါသည် သူ့လူမျိုးနှင့် သူတို့နှင့်အတူ သူတို့ကဲ့သို့သူများကို သူ့အား ပေးတော်မူ၏။ ငါ့ထံမှ ကရုဏာတော်ပင် ဖြစ်၏။ ပညာရှင်တို့ ဆင်ခြင်သတိရှိစေရန် ဖြစ်၏။ |
| ၄၄။ | وَخُذْ بِيَدِكَ ضِغْثًا فَاضْرِب بِّهِ وَلَا تَحْنَثْ إِنَّا وَجَدْنَاهُ صَابِرًا نِعْمَ الْعَبْدُ إِنَّهُ أَوَّابٌ ۞<br>အာရုံကို[၉၀၀] လက်ရ ကိုင်စွဲလျှက်၊ ၎င်းဖြင့် ခရီးနှင်လော့၊ သင်၏ သစ္စာကို မဖျက်လင့်၊ ငါသည် သူ့အား ဖွဲ့နပဲကြီးသော၊ ဂုဏ်တော်ရ အမှုတော်ဆောင် အဖြစ် တွေ့ရ၏။ ကေန်ပင် သူသည် ချဝါချတတ်သူ ဖြစ်၏။ |

(၉၉၇) စိုလိုင်မံ အုပ်ချုပ်ခွင့်ရသူများသည် သူနှင့် လူမျိုးမတူသော တိုင်းရင်းသားများ ဖြစ်ပေသည်။ ၎င်းတို့ကို ဂျင် ဟုခေါ်သည်။ ၃၄း၁၂။ သူတို့မှ မကောင်းဆိုးဝါးများ ဆိုသည်မှာ ထိုသူတို့မှ အကြီးအကဲများကို ခေါ်ပေသည်။ ထိုသူတို့သည် စိုလိုင်မံ၏ ထိန်းချုပ်ခံများ ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်များတွင် စိုင်လိုင်မံက ခြေကျင်း ခတ်ထားသူများဟု သုံးခြင်း ဖြစ်၏။ စိုလိုင်မံအနေဖြင့် သူတို့၏ နယ်မြေဒေသအား လွှတ်လပ်ခွင့် ပေးလိုက်လိုက ပေးလိုက်နိုင်သည်၊ သို့မဟုတ် ဆက်ထိန်းထားလိုက ဆက်လက် ထိန်းထားနိုင်သည်ဟု ဆိုပေသည်။

(၉၉၈) ဤသုတ်တော်မှ မကောင်းဆိုးဝါး ဆိုသည်မှာ **ရှိုင်တွန်အုလ် ဖာလာဟ်** ကန္တာရမှင်စာဟု တင်စားသည် ရေငတ်ခြင်း၊ ရေဆာခြင်းကို ပြောသည်ဟု ပညာရှင်အများက ဖွင့်ဆိုကြပေသည်။ အိုင်ယုတ်၏ အကြောင်းကို ၄း၁၆၃ တွင် ကြည့်ပါ။

(၉၉၉) **ခြေဖြင့် ဆောင့်လော့၊** ဆိုသော ဝါကျမှ **ارْكُضْ အရ်ကုသ်** ဆိုသည်မှာ **မြင်းမှ ခြေကွင်းကို ဆောင့်၍ မြင်းကို အသော့နှင်စေသည်** ဟု ဖြစ်ပေသည်။ မြေကို ခြေထောက်ဖြင့် ဆောင့်စေသည်ဟု မဟုတ်ပေ။ ဆက်တိုက်ဖေါ်ပြသည့် ဝါကျမှ "ဤ၌" ဆိုသော အညွှန်းသည် ကိုယ်တော် အိုင်ယုဘ်၏ အာရုံထဲတွင် မည်သည့်နေရာ၌ ရေရှိသည်ဆိုခြင်းကို တိကျစွာ ပေါ်စေခြင်း ဖြစ်ပေသည်။

(၉၀၀) **ضِغْثًا သဲ့ဂ်ဆန်** အား ဆရာတော်ကြီးများက **သစ်ကိုင်းကို** ဟု ပြန်ဆိုကြပေသည်။ သို့သော် ထိုစကားလုံးကို ကျမ်းတော်တွင် (၃)ကြိမ်တွေ့ရ၍၊ ၁၂း၄၄။ ၂၁း၅ တို့တွင် အိပ်မက်နှင့် တွဲဆက်လျှက် **မှုံဝါးဝါးဖြစ်နေသော** အိပ်မက်။ **အဓိပ္ပါယ်ဖေါ်ရန်ခက်သော** အိပ်မက်၊ **စိတ်ကူးယဉ်** အိမ်မက် ဆိုသည့် အသုံးအနှုန်းမျိုးဖြင့် သုံးထားပေသည်။ ဆိုလိုသည်မှ လူတစ်ဦး၏ သေချာတိကျသော မြင်ကွင်းအာရုံကို အခြားသူတစ်ဦးက အဓိပ္ပါယ် ဖေါ် ၍

| | |
|---|---|
| ၄၅။ | وَاذْكُرْ عِبَادَنَا إبْرَاهِيمَ وَإِسْحَقَ وَيَعْقُوبَ أُوْلِي الْأَيْدِي وَالْأَبْصَارِ۞<br>ငါ၏ အမှုတော်ဆောင် အီဗရာဟီးမ်၊ အီစ္စဟာ့က်၊ ယာကုဗ် တို့အား သတိရလော့။ သူတို့သည် လက်ရုံးရည် ရှိ၏၊ အမြော်အမြင် ကြီး၏။ |
| ၄၆။ | إِنَّا أَخْلَصْنَاهُم بِخَالِصَةٍ ذِكْرَى الدَّارِ۞<br>ငါသည် သူတို့အား ဗိမာန်တော်ကို သတိရစေသည့် သန့်ရှင်းသောဂုဏ်ဖြင့် သန့်ရှင်းစင်ကြယ်စေ၏။ |
| ၄၇။ | وَإِنَّهُمْ عِندَنَا لَمِنَ الْمُصْطَفَيْنَ الْأَخْيَارِ۞<br>ကေန်ပင် ငါသည်သူတို့အား ငါ၏ထံတော်၌ ရွေးကောက်ခံရသူ၊ မြင့်မြတ်သန့်စင်သူတို့မှ ဖြစ်စေ၏။ |
| ၄၈။ | وَاذْكُرْ إِسْمَاعِيلَ وَالْيَسَعَ وَذَا الْكِفْلِ وَكُلٌّ مِّنْ الْأَخْيَارِ۞<br>အီစ္စမာလ်အီလ်၊ ယာဆ်အ၊ ကပိလပြည့်ရှင်တို့အား သတိရကြလော့။ သူတို့ကိုယ်စီ မြင့်မြတ်သူတို့မှ ဖြစ်ကြ၏။ |
| ၄၉။ | هَذَا ذِكْرٌ وَإِنَّ لِلْمُتَّقِينَ لَحُسْنَ مَآبٍ۞<br>ဤသည် သတိပေးတရားတော် ဖြစ်၏။ ကေပန်ပင် စည်းစောင့်သူတို့အတွက်မူ ကောင်းမွန်သော ခိုနားရာ ရှိ၏။ |
| ၅၀။ | جَنَّاتِ عَدْنٍ مُّفَتَّحَةً لَّهُمُ الْأَبْوَابُ۞<br>အေးငြိမ်းရာ ဥယျာဉ်ဘုံ။ သူတို့အတွက် တံခါးများ ဖွင့်ထားစေ၏။ |
| ၅၁။ | مُتَّكِئِينَ فِيهَا يَدْعُونَ فِيهَا بِفَاكِهَةٍ كَثِيرَةٍ وَشَرَابٍ۞<br>ထိုင်၌ အပန်းဖြေလျှက်၊ ထိုင်၌ အမျိုးစုံသော သီးနှံနှင့် သောက်သုံးရာတို့ အားဖြင့် ဖိတ်ခေါ်ကြလျှက် ရှိ၏။ |
| ၅၂။ | وَعِندَهُمْ قَاصِرَاتُ الطَّرْفِ أَتْرَابٌ۞<br>သူတို့၏ ထံပါး၌ မျက်ရိပ် မျက်ခြည် တည်ငြိမ်သည့် သက်တူရွယ်တူများ ရှိ၏။[၉၀၁] |
| ၅၃။ | هَذَا مَا تُوعَدُونَ لِيَوْمِ الْحِسَابِ۞<br>ဤသည် သင်တို့အား စာရင်းရှင်းမည့် နေ့ကာလဟု ကတိပေးထားရာပင် ဖြစ်၏။ |
| ၅၄။ | إِنَّ هَذَا لَرِزْقُنَا مَا لَهُ مِن نَّفَادٍ۞<br>ကေန်ပင် ဤသည် အဆုံးမရှိသော ငါအရှင်ပေးရာ ရိက္ခာများ ဖြစ်၏။ |
| ၅၅။ | هَذَا وَإِنَّ لِلطَّاغِينَ لَشَرَّ مَآبٍ۞<br>ဤသည် သောင်းကျန်းသူများ အတွက် ကံဆိုးရသော ခိုနားရာ ကေန် ဖြစ်၏။ |

---

မရသောကြောင့် ပြောသော စကား ဖြစ်သည်။ ဤနေရာတွင်လည်း ကိုယ်တော်၏ အိုင်ယုဘ်၏ မြင်ကွင်း အာရုံကိုပင် ပြောဆိုခြင်း ဖြစ်ပေသည်။ သူ့အနေဖြင့် လက်ဖြင့် သစ်ကိုင်းကို ကိုင်ထား၍ ရိုက်ခတ်ခြင်းဖြင့် သူ ဘာလုပ်မည်ဟူသည့် သူ့၏ သစ္စာကို မဖျက်ဘဲ စောင့်ထိမ်းထားသည် ဟု ဆိုခြင်းမှာ ယုတ္တိ မရှိ ချေ။ သူ၏ မြင်ကွင်းအာရုံအတိုင်း တစ်စိုက်မတ်မတ် ဆောင်ရွက်ခြင်းသည်သာ သူ၏ လုပ်ဆောင်မည်ဟု သစ္စာထားခြင်း အပေါ် ဖြည့်ဆီးရာ ရောက်ပေသည်။ ထို့အတွက် သူ့အား ဇွဲနပဲကြီးသူ၊ သည်းခံပါရမီကြီးသူဟု ဆက်လက်ပြောထားခြင်းပင် ဖြစ်ပေသည်။

(၉၀၁) မျက်ရိပ် မျက်ခြည် တည်ငြိမ်သော (၃၇း၄၈) တွင် ကြည့်ပါ။ လူသားတို့၏ ဥဏ်ခန္ဓာတွင် ဖိုမ အသက်အရွယ် ဆိုသည်ကို နားလည် ယူခြင်း၌ မံသမျက်စိဖြင့် မြင်နိုင်လောက်သော ရုပ်ခန္ဓာကဲ့သို့ သတ်မှတ်၍ မရချေ။ လူသား၏ ဥဏ်ခန္ဓာသည် အချိန်၏ တိုက်စားမှု ရုပ်တန့်နေပေသည်။ ထို့ကြောင့် သက်တူရွယ်တူ အဖော်များဟု သုံးခြင်း ဖြစ်ပေသည်။ ဤအချင်းအရာသည် အမျိုးသား အမျိုးသမီးအားလုံး အတွက် နိယာမဖြစ်ပေသည်။

| | |
|---|---|
| ၅၆။ | جَهَنَّمَ يَصْلَوْنَهَا فَبِئْسَ الْمِهَادُ ۝<br>ငရဲဘုံသည် သူတို့ကို တစ်သားတည်း ဖြစ်စေလတ္တံ့၊ ယုတ်ညံ့လှသည့် ပန်းတိုင် ဖြစ်၏။ |
| ၅၇။ | هَذَا فَلْيَذُوقُوهُ حَمِيمٌ وَغَسَّاقٌ ۝<br>ဤသည် သူတို့ မြည်းစမ်းရမည့် ရေပူနှင့် ရေခဲအတိ ဖြစ်၏။ |
| ၅၈။ | وَآخَرُ مِن شَكْلِهِ أَزْوَاجٌ ۝<br>အခြားသော ပုံစံတူများမှာလည်း အတွဲလိုက်ပင် ဖြစ်၏။ |
| ၅၉။ | هَذَا فَوْجٌ مُّقْتَحِمٌ مَّعَكُمْ لَا مَرْحَبًا بِهِمْ إِنَّهُمْ صَالُوا النَّارِ ۝<br>ဤသည် သင်တို့နှင့်အတူ ဦးစိုက်ပါသော တပ်ရင်း ဖြစ်၏။ သူတို့အတွက် ခရီးဦးကြို မရှိချေ။ သူတို့သည် မီးနှင့် တစ်သားတည်း ဖြစ်ရမည်ပင်။ |
| ၆၀။ | قَالُوا بَلْ أَنتُمْ لَا مَرْحَبًا بِكُمْ أَنتُمْ قَدَّمْتُمُوهُ لَنَا فَبِئْسَ الْقَرَارُ ۝<br>အမှန်မှာ သင်တို့အတွက် ခရီးဦးကြိုမရှိချေ။ သင်တို့က ၎င်းကို ကျွန်ုပ်တို့အတွက် ကြိုပြင်ခဲ့ခြင်း ဖြစ်၏။ သို့ဖြစ်၍၊ ယုတ်ညံ့မှုသည် စခန်းသာ ဖြစ်တော့၏။ ဟု ဆိုကြ၏။ |
| ၆၁။ | قَالُوا رَبَّنَا مَن قَدَّمَ لَنَا هَذَا فَزِدْهُ عَذَابًا ضِعْفًا فِي النَّارِ ۝<br>ဆက်၍၊ "အို ကံကြမ္မာရှင်၊ တပည့်တော်တို့အတွက် ၎င်းအား ကြိုပြင်ခဲ့သူကို အပူမီးထဲ၌ ဝဋ်ကြွေး နှစ်ဆ တိုး၍ ခံစားစေပါ၊"ဟု ဆိုကြ၏။ |
| ၆၂။ | وَقَالُوا مَا لَنَا لَا نَرَى رِجَالًا كُنَّا نَعُدُّهُم مِّنَ الْأَشْرَارِ ۝<br>၎င်းတို့က ပြောကြသည်မှာ "ဘယ်အရာကြောင့်နည်း။ ကျွန်ုပ်တို့က ဆိုးသွမ်းသူများဟု ကောက်ချက်ချခဲ့သူများကို မမြင်ရပါတကား၊– |
| ၆၃။ | أَتَّخَذْنَاهُمْ سِخْرِيًّا أَمْ زَاغَتْ عَنْهُمُ الْأَبْصَارُ ۝<br>ကျွန်ုပ်တို့သည် သူတို့အား အဘက်မတန် ယူမှတ်ခဲ့၏။ သို့မဟုတ် ကျွန်ုပ်တို့ အမြင်အာရုံများ မှောက်ခဲ့လေသလော၊" ဟု ဖြစ်၏။ |
| ၆၄။ | إِنَّ ذَلِكَ لَحَقٌّ تَخَاصُمُ أَهْلِ النَّارِ ۝<br>ကေန်ပင် ထိုအရာသည် အမှန်တရားပင် ဖြစ်၏။ အပူမီး၏ အဖော်တို့သည် အချင်းချင်း တင်းမာနေကြ၏။ |
| ၆၅။ | قُلْ إِنَّمَا أَنَا مُنذِرٌ وَمَا مِنْ إِلَهٍ إِلَّا اللَّهُ الْوَاحِدُ الْقَهَّارُ ۝<br>ဟောလော့ "ကျွန်ုပ်သည် သတိပေးသူ မျှသာ ဖြစ်၏။ အဓိပတိ ဖြစ်တော်မူသော ကောဒိ ပရမတ်ဘုရားရှင် မှအပ အခြား ဘုရားဟူ၍ မရှိပြီ၊– |
| ၆၆။ | رَبُّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا الْعَزِيزُ الْغَفَّارُ ۝<br>အရှင်သည် မိုးများနှင့် မြေကမ္ဘာ၊ ထိုနှစ်ခုကြားရှိ အရာအားလုံး၏ ကံကြမ္မာရှင်၊ ဘုန်းတော်ရှင်၊ လွတ်ငြိမ်းစေတော်မူသော အရှင် ဖြစ်၏။" |
| ၆၇။ | قُلْ هُوَ نَبَأٌ عَظِيمٌ ۝<br>ဟောလော့ "၎င်းသည် မဟာ သတင်းတော်ကြီး ဖြစ်၍၊– |

| | |
|---|---|
| ၆၈။ | **أَنتُمْ عَنْهُ مُعْرِضُونَ۞**<br>၎င်းမှ သင်တို့ ကျောခိုင်း လှည့်ပြေးကြ၏။ |
| ၆၉။ | **مَا كَانَ لِيَ مِنْ عِلْمٍ بِالْمَلَإِ الْأَعْلَىٰ إِذْ يَخْتَصِمُونَ۞**<br>အမြင့်ဆုံးမှ အကြံပေးတို့ အချင်းချင်းတင်းမာကြသောအခါ၊ ထိုအကြောင်းကို ကျွန်ုပ်သည် သိနိုင်ခဲ့သူ မဟုတ်ချေ။[၈၀၂] |
| ၇၀။ | **إِن يُوحَىٰ إِلَيَّ إِلَّا أَنَّمَا أَنَا نَذِيرٌ مُّبِينٌ۞**<br>ကျွန်ုပ်သည် ရှင်းလင်းစွာ သတိပေးသူသာ ဖြစ်ကြောင်း ကျွန်ုပ်ထံ၌ အာရုံစူးချန်ကိန်းဝပ်ပေး၏။ |
| ၇၁။ | **إِذْ قَالَ رَبُّكَ لِلْمَلَائِكَةِ إِنِّي خَالِقٌ بَشَرًا مِّن طِينٍ۞**<br>ကံကြမ္မာရှင်က နိမိတ်ဆောင်တို့အား ပြောဆိုသည်မှာ “ကေန်ပင် ငါသည် လူသားကို မြေမှ ဖြစ်တည်စေ၏– |
| ၇၂။<br>☆၃၂:၉ | **فَإِذَا سَوَّيْتُهُ وَنَفَخْتُ فِيهِ مِن رُّوحِي فَقَعُوا لَهُ سَاجِدِينَ۞**<br>သို့ဖြင့် သူ့အား ပုံပေါ်လွင်စေ၏၊ ထို့နောက် ငါ၏ ဉာဏ်စဉ်မှ သူ့အား သက်ဝင်စေ၏။☆ ထိုင်ချ၍ သူ့အား အရိုအသေ ဦးချကြကုန်လော့။ |
| ၇၃။<br>☆၂:၃၄ | **فَسَجَدَ الْمَلَائِكَةُ كُلُّهُمْ أَجْمَعُونَ۞**<br>သို့ဖြင့် နိမိတ်ဆောင်တို့သည်၊ သူတို့ကိုယ်စီ အားလုံး ဦးချကြကုန်၏။☆ |
| ၇၄။<br>☆၂:၃၄ | **إِلَّا إِبْلِيسَ اسْتَكْبَرَ وَكَانَ مِنَ الْكَافِرِينَ۞**<br>သို့သော် ရှေးရိုးစွဲ၊ သူသည် မောက်မာ၏၊ သူသည် ဖုံးကွယ်သူတို့အနက်မှ ဖြစ်၏။☆ |
| ၇၅။ | **قَالَ يَا إِبْلِيسُ مَا مَنَعَكَ أَن تَسْجُدَ لِمَا خَلَقْتُ بِيَدَيَّ أَسْتَكْبَرْتَ أَمْ كُنتَ مِنَ الْعَالِينَ۞**<br>အရှင်က “အေ– ရှေးရိုးစွဲ၊ ငါ၏ လုပ်ပိုင်ခွင့်ဖြင့် ဖြစ်တည်ပေးခြင်း၌ ဦးမချရန် သင့်အား အဘယ်အရာက ဟန့်တားထားသနည်း။ သင်သည် စိတ်ကြီးဝင်နေသူတို့မှ ဖြစ်သလော၊ သို့မဟုတ် အပေါ်ဆုံးအလွှာမှ ဖြစ်သလော၊”ဟု ဆို၏။ |
| ၇၆။<br>☆၇:၁၂<br>၃၇:၁၁ | **قَالَ أَنَا خَيْرٌ مِّنْهُ خَلَقْتَنِي مِن نَّارٍ وَخَلَقْتَهُ مِن طِينٍ۞**<br>သူက “အရှင်က မီးမှ ဖြစ်တည်စေသော တပည့်တော်သည်၊ မြေမှ ဖြစ်တည်စေသော သူ့ထက် သာလွန် မြင့်မြတ်၏။” ဟု ဆိုသော်။☆ |

(၈၀၂) ဤသုတ်တော်ပါ၊ “အမြင့်ဆုံးမှ **အကြီးအကဲတို့** အချင်းချင်း တင်းမာကြသောအခါ၊” ဆိုသည်ကို ဆရာတော်ကြီးများက “မြင့်မြတ်သော **ကောင်းကင်တမန်တော် (နတ်ဒေဝတာ) များ** အချင်းချင်း ငြင်းခုံကြသော အခါဟု ပြန်ဆိုကြပေသည်။ ဤဘာသာပြန်တွင် အစ္စလာမ် ဒသန အရ မာလာအိကာဟ် ဆိုသည်မှာ– တစ်စုံတစ်ရာအား ထိုးဖေါက်သိနိုင်သော လူသား ပညာရှင်ဟုသာ မကြာခဏ ရှင်းပြထားပေသည်၊ (၂:၃၀)။ ထို အချက်ကို ဤသုတ်တော်ပါ– အကြီးအကဲဟု အဓိပ္ပါယ်သက်ရောက်သည့် **الملأ မလာအိ** ဆိုသည့် စကားလုံးမှ အတိအကျ အတည်ပြုနေပေသည်၊ ဤသုတ်တော်မှ အချင်းချင်း ငြင်းခုံတင်းမာနေသော အဆင့်မြင့်သည် အကြီးအကဲများ ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်အား အတိုက်အခံပြုသည့် ရှေးဘာသာဟောင်းမှ တတ်သိပညာရှင် ဘာသာရေး အကြီးအကဲများကိုသာ ဆိုလိုကြောင်း ဤမတိုင်မီ သုတ်တော်များ ဖြစ်သည့် ၆၇၊ ၆၈ တို့က အတိအကျ ပြဆိုပေသည်၊ ဤအကြောင်းအရာကို ဤမွေခန်္ဓာ၏ သုတ်တော် ၄၊ ၅၊ ၆ တွင်လည်း တစ်ပုံစံတည်း ပြောဆိုပေသည်။ ထိုသုတ်တော်များတွင် ကိုယ်တော် မုဟမ္မဒ်က ဘုရားတစ်ဆူ ဝါဒကို ကြွေကြော်သည် ထိုအခါ သူတို့မှ **الملأ မလာအု** အကြီးအကဲများက သူ့ကို ဆန့်ကျင်ရန် လူထုအား လိုက်လံ စည်းရုံးသည်။ ယခု သုတ်တော်များ ဖြစ်သည့် ၆၇၊ ၆၈၊ ၆၉ များက ကိုယ်တော် မုဟမ္မဒ်သည် မဟာသတင်းတော်ကြီး ဖြစ်သည့် ကျမ်းမြတ်ကုရ်အံကို ကြွေကြော်သည်– ၎င်းကို သူတို့ အရေးမစိုက် ကျောခိုင်းသွားသည် သူတို့၏ အကြီးအကဲများမှ အဆင့်အမြင့်ဆုံးသော သူတို့က ထို အကြောင်းနှင့် စပ်လျဉ်း၍ အချင်းချင်း ဆွေးနွေးငြင်းခုံ တင်းမာမှုများ ဖြစ်ကြသည်။ ထိုသူတို့၏ ဆွေးနွေးမှုများကို ကိုယ်တော်မုဟမ္မဒ်က သူတို့ မည်သည့်အရာများ ဆွေးနွေးကြောင်းကို သူမသိကြောင်း ပြောဆိုသည်။ ဖြစ်ရပ်မှာ အတူတူပင် ဖြစ်သည်။ ထို့ကြောင့် **မလာအိ– မလာအိကာဟ်** ဆိုသည်မှာ မံသမျက်လုံးဖြင့် မမြင်နိုင်သော ဓါတ်ဘူတ ဖွဲ့စည်းမှု နတ်ဒေဝတာ မဟုတ်။ မြေဖြင့် ဖြစ်တည်ခံများသာ ဖြစ်ပေသည်၊ (၃၇:၁၁)။

| | |
|---|---|
| ၇၇။ | قَالَ فَاخْرُجْ مِنْهَا فَإِنَّكَ رَجِيمٌ۞<br>အရှင်က မိန့်သည်မှာ “သင်သည် ထိုမှ ထွက်သွားလော့၊ သင်သည် ကြဉ်ဖယ်ခံရသူတို့မှ ဖြစ်၏။ |
| ၇၈။ | وَإِنَّ عَلَيْكَ لَعْنَتِي إِلَى يَوْمِ الدِّينِ۞<br>စီရင်ဆုံးဖြတ်မည့် နေ့ကာလတိုင်၊ သင်သည် ငါ၏ မေတ္တာမှ ကင်းဝေးနေသူ ဖြစ်စေပြီ၊”ဟု ဖြစ်၏။[၉၀၃] |
| ၇၉။<br>☆<br>၇:၁၄ | قَالَ رَبِّ فَأَنْظِرْنِي إِلَى يَوْمِ يُبْعَثُونَ۞<br>သူက “အို ကံကြမ္မာရှင် တပည့်တော်အား နိုးကြားထကြွသည့် နေ့ကာအထိ☆ စောင့်စားပေးပါ၊”ဟု ဆို၏။ |
| ၈၀။ | قَالَ فَإِنَّكَ مِنَ الْمُنظَرِينَ۞<br>အရှင်က မိန့်သည်မှာ “သင့်အား စောင့်စားပေးခြင်း ခံရသူတို့မှ ဖြစ်စေပြီ၊– |
| ၈၁။ | إِلَى يَوْمِ الْوَقْتِ الْمَعْلُومِ۞<br>လူသိရှင်ကြား အချိန်သတ်မှတ်သော နေ့ကာလထိ ဖြစ်သည်၊”ဟု ဖြစ်၏။[၉၀၄] |
| ၈၂။ | قَالَ فَبِعِزَّتِكَ لَأُغْوِيَنَّهُمْ أَجْمَعِينَ۞<br>သူ ပြောသည်မှာ “အရှင်၏ ဘုန်းတန်ခိုးတော်အားဖြင့်၊ တပည့်တော်သည် သူတို့ အားလုံးကို သွေးဆောင်ပါမည်၊[၉၀၅] |
| ၈၃။ | إِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِينَ۞<br>သူတို့မှ အရှင့်အား ကယ်တင်ရှင်သီးသန့် အဖြစ် ကိုးကွယ်သော သူသည်သာ ကင်း၏၊”ဟု ဖြစ်၏။ |
| ၈၄။ | قَالَ فَالْحَقُّ وَالْحَقَّ أَقُولُ۞<br>အရှင်က “ဤသည်မှာ အမှန်တရားပင်၊ ငါ ဆိုသော အမှန်တရားဟူမှုကား၊ |

(၉၀၃) မဟာကရုဏာတော် အရှင် ဖြစ်သည့် ပရမတ်ဘုရားရှင် အလ္လာဟ်သည် အရှင်၏ နိယာမဖြင့် ဖြစ်တည်ခံ အားလုံးကို မေတ္တာမဲ့ခြင်း မရှိချေ။ အရှင်ချမှတ်ပြဌာန်းထားသည့် နိယာမအား ဆန့်ကျင်အာခံသူကိုလည်း မေတ္တာမမဲ့ချေ။ ဤသုတ်တော်မှ ရှေးရိုးစွဲအား မေတ္တာကင်းဝေး စေပြီ ဆိုခြင်းမှာ သူ၏ ဆုံးဖြတ်ချက်၊ သူ၏ လုပ်ဆောင်မှုက အရှင်ပြဌာန်းထားသည့် မေတ္တာဓါတ်ကိန်းသက်ခြင်း စက်ကွင်းမှ သူ့ဟာသူ ကင်းဝေးနေစေခြင်းသာ ဖြစ်ပေသည်၊ ၎င်းကို သုတ်တော် ၇၅ တွင် သင့်အား အဘယ်အရာက ဟန့်တားနေသနည်း ဟု မေးထားခြင်းက နားလည်ရန် လုံလောက်ပေသည်၊ သို့တိုင်– အရှင်သည် သူ့အား ထာဝရ မေတ္တာကင်းဝေစေခြင်းကို မလိုလားချေ။ သို့ဖြစ်၍ စီရင်ဆုံးဖြတ်ချက်နေ့ကာလတိုင် ဟုသာ ဤသုတ်တော် ကသုံးထားပေသည်။ စီရင် ဆုံးဖြတ်ချက်နေ့ ဆိုသည်မှာ သေပြီးသည်၏ နောက်ဟု အဓိပ္ပါယ်ကို မပေးပေ၊ သူ့ကိုယ်သူ ပြန်ပြင်ရန် ဆုံးဖြတ်သော အချိန်ကိုလည်း ခေါ်ဆိုပေသည်။ သို့သော် နိုးကြားထကြွသည့်နေ့အထိ ဆိုသည်မှာ သူက တောင်းဆိုခြင်းသာ ဖြစ်ပေသည်။ (၇၉)။

(၉၀၄) အစ္စလာမ် သာသနာသည် ရုပ်ဝါဒအား မျက်နှာသာပေးသော သာသနာ မဟုတ်ချေ၊ သို့သော် ဆရာတော်ကြီးများ ညွှန်းသကဲ့သို့ သေပြီးသည်၏ နောက်၌သာ အဖြေပေါ်လာရမည် ချည်းလည်း မဟုတ်ချေ။ ဤသုတ်တော်များတွင် ရှေးရိုးစွဲဟု ခေါ်သည့် မကောင်းမှုဆောင်သော ခေါင်းဆောင်များသည်– လူသားအပေါင်းတို့အား သူတို့ဝါဒ၏ ရှေးရိုးစွဲ အယူများဆီသို့ ဖျားယောင်းသွေးဆောင်မည်၊ ထိုအခါ လူထုကြား၌ တော်လှန်ပြောင်းလဲသော ခေါင်းဆောင်များ ပေါ်ပေါက်လာ၍ လူထုအား သွန်သင်ရာမှ ကာလတစ်ခုတွင် လူထုသည် ရှင်ပြန်နိုးကြားလာမည်၊ တနည်းအားဖြင့် ရှေးရိုးစွဲတို့၏ ဝါဒအား တော်လှန်ရေး ဆင်နွဲမည်။ ထိုတော်လှန်ရေးတွင် တော်လှန်ရေး ဆင်နွဲသူများဖက်မှ အောင်မြင်သွားလျှင်၊ အထိန်းအမှတ် အမှတ်သညာပြု၍ ထားပေမည်။ ထိုနေ့ကို လူသိရှင်ကြား အချိန်သတ်မှတ်သော နေ့ ဟု ဆိုပေသည်။ ဥပမာအားဖြင့် လွတ်လပ်ရေးနေ့၊ တော်လှန်ရေးနေ့ စသည်တို့ကဲ့သိုပင်။ ထိုနေ့သည် ရှေးရိုးစွဲတို့ ကျဆုံးရသော နေ့ဖြစ်ပေသည်။ သို့သော် ထိုတစ်ခေတ်၏ ရှေးရိုးစွဲများ ကျဆုံးခြင်းသာ ဖြစ်၍၊ ရှေးရိုးစွဲတို့သည် လောကကြီးတစ်ခုလုံး၌ ထာဝရချုပ်ငြိမ်းသွားမည်ဟု မဆိုလိုပေ။ ခေတ်တိုင်း ကာလတိုင်းတွင် ရှေးရိုးစွဲ အယူရှိသူ၊ တော်လှန်ပြောင်းလဲသူ ဆိုသည်မှာ ဒွန်တွဲလျှက် ရှိနေမည်။ ခေတ်စနစ်၊ အတွေးအခေါ်သာ ပြောင်းသွားနိုင်၍၊ စနစ်တိုင်းတွင် အယူသည်းသူ၊ ရှေးရိုးစွဲကို လက်ကိုင်သူ၊ ခေတ်ရှေ့သို့ မျှော်မြင်သူ ဆိုသည်များမှာ ရှိနေမည်သာ ဖြစ်ပေသည်။

(၉၀၅) ဤသုတ်တော်မှ– အရှင်၏ ဘုန်းတန်ခိုးတော် အားဖြင့်၊ ဆိုသည်မှာ အရှင်၏ ဘုန်းတန်ခိုးတော်ကို လက်ကိုင်ပြု၍ အခြားသူများကို လှည့်စားမည်ဟု အဓိပ္ပါယ် မပေးပေ။ အရှင်၏ ဘုန်းတန်ခိုးတော်အား တိုင်တည်လျှက် တပည့်တော် အမှန်ကို ဆိုရသော်– တပည့်တော်သည် သူတို့ကို လှည့်ကို လှည့်စားပါမည်ဟု  ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၈၅။ | **لَأَمْلَأَنَّ جَهَنَّمَ مِنكَ وَمِمَّن تَبِعَكَ مِنْهُمْ أَجْمَعِينَ۝**<br>သင်နှင့် သူတို့အနက်မှ သင့်အား လိုက်နာသူတို့ အားလုံးကို ငရဲဘုံ၌ ဖြည့်မည်၊”ဟု ဖြစ်၏။ |
| ၈၆။ | **قُلْ مَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ وَمَا أَنَا مِنَ الْمُتَكَلِّفِينَ۝**<br>ဟောလော့ “ကျွန်ုပ်သည် သင်တို့ထံမှ အကျိုးဆုလဒ်ကို မတောင်းချေ၊ ကျွန်ုပ်သည် အတုအယောင်လည်း မဟုတ်ချေ။ |
| ၈၇။ | **إِنْ هُوَ إِلَّا ذِكْرٌ لِّلْعَالَمِينَ۝**<br>ကေန်ပင်၊ ၎င်းသည် လောကခပ်သိမ်း အတွက် သတိပေးတရားတော် ဖြစ်၏။ |
| ၈၈။ | **وَلَتَعْلَمُنَّ نَبَأَهُ بَعْدَ حِينٍ۝**<br>ကာလတစ်ခုပြီးနောက် ထိုသတင်းကို သင်တို့ သိလာကြမည်ပင်။”[၉၀၆] |

(၉၀၆) သုတ်တော် ၈၆၊ ၈၇၊ ၈၈ တို့သည် ပရမတ်ဘုရားရှင် အလ္လာဟ်က ကိုယ်တော်မုဟမ္မဒ်အား ကြေငြာခိုင်းခြင်း ဖြစ်ပေသည်၊ ကိုယ်တော်သည် ဤကုရ်အံကျမ်းတော်အား ကြေငြာကြေး အဘိုးအခ ဆုလဒ် မည်သူ့ထံကမှ မယူခဲ့၊ မတောင်းခံခဲ့ချေ။ ထို့ပြင် ကိုယ်တော်သည် ဉာဏ်စဉ်တော်ဆောင်၊ သတင်းတော်ဆောင်၊ သတိပေးနှိုးဆော်သူ အတုအယောင်လည်း မဟုတ်ဟု ရဲတင်းစွာ ကြေငြာထားပေသည်။ ထိုစကားနှင့် တစ်ဆက်တည်းပင် ၎င်း (ကုရ်အံ)သည် လောက ခပ်သိမ်းအတွက် သတိပေး တရားတော် ဖြစ်သည်ဟု ဆိုထားပေသည်။ ထိုအကြောင်းကို ကာလတစ်ခုပြီးနောက် လူအများ သိကိုသိလာရမည်ဟု အာမခံထားပေသည်။ အလားတူပင် ကုရ်အံကျမ်းတော်အားလည်း ပရမတ်ဘုရားရှင်၏ ထံမှ ဉာဏ်စဉ်တော် ကိန်းဝပ် အသိပေးခြင်းဖြင့် ဖြစ်တည်လာသော ကျမ်းစစ် ဖြစ်သည်ဟု ထောက်ခံ အသိအမှတ်ပြုလာမှုမှာ နေ့စဉ်ရက်ဆက် တိုးလျှက်သာ ရှိပေသည်။